
# ACC Against COVID-19




## အစီအစဉ် (၁၁)

## “ကပ်ရောဂါကာလအတွင်း စိန်ခေါ်မှုများကိုရင်ဆိုင်ခြင်း”

တင်ပြသူ
စိုးဇော်လတ်



၂၀၁၉ ခုနှစ်မကုန်မီ တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှ
စတင်ခဲ့သော COVID-19 ကပ်ရောဂါကြောင့်
နိုင်ငံတော်တွင် အရေးပေါ်အခြေအနေတစ်ရပ်သို့
ရောက်ရှိလာချိန်၌ နိုင်ငံတော်အစိုးရသာမက
နိုင်ငံသားအားလုံးကပါ ပူးပေါင်း
ပါဝင်ရန်တာဝန်ရှိလာပါသည်။




အစိုးရအနေဖြင့် စီမံခန့်ခွဲမှုနည်းလမ်းများ
ပိုမိုထိရောက်မှုရှိစေရန် လက်ရှိ
ပုံမှန်အုပ်ချုပ်ရေးယန္တရားများအပြင်
အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ
အထူးအဖွဲ့များဖွဲ့စည်းပြီး COVID-19 ကပ်ရောဂါ
ကူးစက်ပြန့်ပွားမှုအားထိန်းချုပ်ကာကွယ်ရန်
အမျိုးသားအဆင့်ဗဟိုကော်မတီဖွဲ့စည်း၍
ဆောင်ရွက်နေပါသည်။






ထိုစီမံခန့်ခွဲမှုများ
ထိရောက်မြန်ဆန်စေရန်အတွက်
ပုံမှန်လုပ်ထုံးလုပ်နည်းများ
ကိုကျော်လွန်၍
အလျင်အမြန်ဆုံးဖြတ်လုပ်ကိုင်ရသည့်
ကိစ္စများတွင် ဘေးထွက်ဆိုးကျိုးအဖြစ်
လေလွင့်ပြုန်းတီးမှုများ၊
အပိုကုန်ကျစရိတ်များလည်း
ရှိလာနိုင်ပြန်သည်။

အရေးပေါ်လိုအပ်လျက်ရှိသော
ဆေးဝါးနှင့် ဆေးပစ္စည်းများကို
အလျင်စလိုဝယ်ယူရချိန်တွင်
ရောင်းသူ/ဝယ်သူ
နှစ်ဖက်စလုံးတွင်
အဂတိလိုက်စားမှုများ
ဖြစ်လာနိုင်ပါသည်။

ပစ္စည်းဝယ်ယူသူများအနေဖြင့် ပစ္စည်းရလိုဇောဖြင့်
တံစိုးလက်ဆောင်ပေး၍ ချဉ်းကပ်ခြင်း မပြုမိစေရန်
သတိပြုဖို့လိုသလို ရောင်းသူများမှလည်း ပုံမှန်ဈေးနှုန်းထက်
အဆမတန်ဈေးနှုန်းတင်၍ ရောင်းချဖြန့်ဖြူးခြင်းများ
မပြုလုပ်မိစေရန် သတိပြုသင့်ပါသည်။









စစ်တမ်းများအရ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ
ဝယ်ယူမှုသည် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ
အန္တရာယ်ရှိသော နယ်ပယ်တစ်ရပ်ဖြစ်ပါသည်။
သာမန်အချိန်များတွင်ပင် တွေ့ရသည့်
ကိန်းဂဏန်းများအရ ဥရောပသမဂ္ဂတွင်
ကျန်းမာရေးဆိုင်ရာ အဂတိလိုက်စားမှုများ၏
၂၈ ရာခိုင်နှုန်းသည် ဆေးနှင့်ဆေးပစ္စည်း
ကိရိယာများဝယ်ယူမှုများနှင့်သက်ဆိုင်ကြောင်း
ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC)
မှ ဆိုထားပါသည်။

ကမ္ဘာနှင့်အဝှမ်းတွင် နိုင်ငံများသည် COVID-19 ကြောင့် ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများ ပြတ်လပ်ခြင်းကို ကြုံတွေ့နေရပါသည်။





ဤအခြေအနေသည် ထိခိုက်လွယ်ပြီးဖြစ်သော ဝယ်ယူရေးလုပ်ငန်းစဉ်များအပေါ် ပစ္စည်းပေးသွင်းသူများသည် ဈေးနှုန်းများကို တိုးမြှင့်ကာငွေကြေးများ မတရားတောင်းခံလာနိုင်သဖြင့် အစိုးရများအနေဖြင့်လည်း ငွေပေးချေရုံမှလွဲ၍ အခြားရွေးချယ်စရာနည်းလမ်းမရှိတော့သည်ကို တွေ့ရှိပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃(က)(၂)

မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံ ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ဖြစ်စေ၊

ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်း ဖျက်သိမ်းခြင်းပြုရာတွင် ဖြစ်စေ၊

ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊

စီမံဆောင်ရွက်ခြင်းပြုရာတွင် ဖြစ်စေ တည်ဆဲ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက်

နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီး ဆုံးရှုံးစေခြင်း

အရေးပေါ်ကာလအတွင်းဖြစ်သော်လည်း အများပြည်သူဆိုင်ရာ အကျိုးစီးပွားကို စီမံခန့်ခွဲသူများ အနေဖြင့် ဝယ်ယူရေးလုပ်ငန်း များဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း နှင့် ပိုင်ဆိုင်မှုများ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်အောင် အထူးသတိပြု ဆောင်ရွက်သင့်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နေစဉ်ကာလအတွင်း ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် စားနပ်ရိက္ခာများလည်း ထောက်ပံ့ပေးလျက်ရှိပါသည်။ စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ်တွင် အမှန်တကယ်လိုအပ်နေသူများ လက်ဝယ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်မှာ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။



ACC Against COVID-19



Soe Zaw Latt

စားနပ်ရိက္ခာ ထောက်ပံ့ရန်
စီမံခန့်ခွဲသူများ အနေဖြင့်
အမှန်တကယ် ရထိုက်သူများ
ရရှိအောင်ဆောင်ရွက်ပေးရန်
တာဝန်ရှိသလိုအလွဲသုံးစားမှု
မဖြစ်စေရေးအတွက်
သတိပြု ဆောင်ရွက်ရန်
လိုအပ်ပါသည်။

Governance - Corruption Free

Philanthropy - Integrity

Citizen - Responsibility

COVID-19 ကပ်ရောဂါကို
ရင်ဆိုင်ရာတွင်
အဂတိတရားကင်းသည့်
ကောင်းမွန်သော
စီမံခန့်ခွဲမှု၊ အရပ်ဖက်
လူမှုအဖွဲ့စည်းများနှင့်
ပရဟိတ အဖွဲ့များ၏
ဖြောင့်မတ်တည်ကြည်မှု၊
ပြည်သူတစ်ဦးချင်းစီ၏
တာဝန်သိစိတ်တို့ဖြင့်
ကျော်လွှား၊ တွန်းလှန်၊
ကာကွယ်ဆောင်ရွက်
သွားနိုင်မည်ဖြစ်ကြောင်း
တင်ပြအပ်ပါသည်။

နိုင်ငံသူနိုင်ငံသားများအားလုံး ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်မြောက်နိုင်ကြပါစေ။

ACC Against COVID-19

Soe Zaw Latt

Credit Photo - Google

References - Corruption and The Coronavirus, How to Prevent the abuse of power during a global health pandemic by Transparency International( TI), https://transparency.org/news/feature/corruptionandthecoronavirus

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေး ကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် "ACC Against COVID-19" ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program "ACC Against COVID-19" is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.